ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
နေပြည်တော်

စာအမှတ်၊ ၃/၂၇/အလည(ရွှေ့ပြောင်း) ၂၀၂၀(၁၈၀၈၉)
ရက် စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်

သို့

မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်
ဂျပန်နိုင်ငံသို့စေလွှတ်လျက်ရှိသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်
လိုင်စင်ရအေဂျင်စီများအားလုံး

အကြောင်းအရာ။ **အကြောင်းကြားခြင်း**

ရည်ညွှန်းချက် ။ (၁) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ၂၁-၅-၂၀၂၀ ရက်စွဲပါစာ အမှတ်၊ ၃/၂၇/အလည (ရွှေ့ပြောင်း) ၂၀၂၀ (၁၁၉၂၇)

(၂) မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၏ ၂၄-၆-၂၀၂၀ ရက်စွဲပါစာအမှတ်၊ MOEAF/စီမံ-၁/၂၀၂၀ (၀၃၃၁)

(၃) မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၏ ၃၀-၇-၂၀၂၀ ရက်စွဲပါစာအမှတ်၊ MOEAF/စီမံ-၁/၂၀၂၀ (၀၃၈၃)

(၄) ဝန်ကြီးရုံး၏ ၁၂-၈-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ဖ၃/အလ/ခွဲ (၂) ၂၀၂၀ (၈၈၃၀)

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ Coronavirus Disease 2019 (COVID-19) ကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် ၁၁-၃-၂၀၂၀ ရက်နေ့တွင် ကြေညာခဲ့ပြီးနောက် နိုင်ငံတော် သမ္မတရုံး၏ ညွှန်ကြားချက်များနှင့်အညီ ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်နိုင်ရေးအတွက် အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များကို ၁၈-၃-၂၀၂၀ ရက်နေ့မှစ၍ ယာယီရပ်ဆိုင်းခဲ့ပြီး အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များ ပြန်လည်စတင်ပါက (ထိုင်းနိုင်ငံမပါ) ကို ပြည်ပအလုပ် အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များအား ရည်ညွှန်း (၁) ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဂျပန်နိုင်ငံသို့ အလုပ် သမားစေလွှတ်နိုင်ရေး ဂျပန်နိုင်ငံရှိ အလုပ်ရှင်၏ ဝန်ခံကတိပြုလွှာပုံစံများကို ရည်ညွှန်း (၁)၊ (၂) ပါစာများဖြင့် တင်ပြခဲ့မှုအပေါ် ပူးတွဲပါပုံစံများအတိုင်း တင်ပြရန်နှင့် လက်ခံရရှိမှုအခြေအနေကို ပြန်လည်တင်ပြရန် အကြောင်းကြားပါသည်။

ဝင်းရှိန်
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ